# သရက်ကုန်းကျေးရွာ

## ညောင်(လင်းဇင်း)အုပ်စု

## စလင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်ကုန်းကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မေလ

## မာတိကာ


စဉ် အကြောင်းအရာ

စကားချီး

သရက်ကုန်းကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊ စလင်းမြို့နယ်

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

( ခ ) မွေးမြူရေးလုပ်ငန်း

( ဂ ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

( ခ ) ကျေးရွာ မီးလင်းရေး

( ဂ ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်များ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လို အပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံ ကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာသယံဇာတပြမြေပုံ၊ တည်နေရာနှင့် ပထဝီဝင်အနေအထား၊ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၊ ဖွံ့ဖြိုးရေးဆိုင် ရာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေတို့ပါဝင်ပါသည်။ အပိုင်း(ခ) သည် အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျား-မရေးရာကိစ္စ ရပ်များနှင့် ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
သရက်ကုန်းကျေးရွာ<br>
စလင်းမြို့နယ်

# သရက်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ စလင်းမြို့နယ်



## ၁။ ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထား

သရက်ကုန်းကျေးရွာသည် ပထဝီဝင် အနေအထားအရ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ နယ်ညောင်(လင်းဇင်း)အုပ်စုတွင် ကျေးရွာ(၅)ရွာ၏ အနောက်ဘက်ဆုံးဒေသ၌ ပါဝင်သော ကျေးရွာဖြစ်ပါသည်။

သရက်ကုန်းကျေးရွာသည် စလင်းမြို့မှ ၁၆မိုင် ကွာဝေးပြီး မိမိတို့ တိုင်းဒေသကြီးဖြစ် သော မကွေးမြို့နှင့် ၅၄မိုင် ကွာဝေးပါသည်။ သရက်ကုန်းကျေးရွာသည် ပထဝီဝင်အနေ အထား အရ မြေပြန့်အနေအထားတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပွင့်လင်းရာသီ ၌သာ အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး အနေဖြင့် အခက်အခဲများကြုံတွေ့ကြရပါသည်။ သရက်ကုန်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်၊ ယာ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြန်မာပြည် အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သော ကြောင့် သဘာဝပေါက်ပင်များ ပေါက်ရောက်ပြီး ရှား၊ ထနောင်း၊ ကုက္ကိုလ်၊ သန်း၊ ထားဟတ် စသော သဘာဝပေါက်ပင်များ ပေါက်ရောက်ကျသော်လည်း ထိန်းသိမ်းမှုအား လျော့နည်းလာ၍ သဘာဝသစ်တောများ ပြုန်းတီးလာသဖြင့် တောကိုမှီခိုနေသော သဘာဝတိရိစ္ဆာန်များလည်း တဖြေးဖြေး မျိုးတုန်း ပျောက်ကွယ်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သရက်ကုန်းကျေးရွာတွင် ကျေးရွာ၏လိုအပ်ချက်မှန်သမျှ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်း ထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ လယ်စီကော်မတီ၊ သမကော်မတီ၊ ကျန်းမာရေး၊ အရံမီးသတ်၊ ဂေါပကအဖွဲ့၊ ဝတ်အသင်း၊ မိခင်နှင့်ကလေး၊ ကျောင်းကော်မတီအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ စသည့်အဖွဲ့အစည်းများနှင့် ကျေးရွာသူ/ သားများ ပူးပေါင်း၍ ရပ်ရွာကိစ္စ များ ဆောင်ရွက်ကြပါသည်။ သရက်ကုန်းကျေးရွာ၏ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြို့နယ်စိုက်ဘဏ်၊ မြို့နယ်သမ၊ ပညာရေး၊ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက် ၍ ကျေးရွာလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုး ရေးကော်မတီအား ဖွဲ့စည်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ဤ ကော်မတီသည် လုပ်ငန်းကဏ္ဍာအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြု လုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည့် လုပ်ငန်း များအား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

**(က) သီးနှံစိုက်ပျိုးရေး။** ။ သရက်ကုန်းကျေးရွာတွင် မြေယာမဲ့အလုပ်လုပ်ကိုင် သည့် အိမ်ထောင်စု(၄၄)စုရှိပြီး တောင်သူလုပ်ကိုင်သည့် အိမ်ထောင်စု (၇၆)စု ရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံများ အနေဖြင့် ပဲမျိုးစုံ၊ ဝါနှင့် စပါးတို့ကို စိုက်ပျိုးကြပါသည်။ ရာသီဥတုကို အခြေခံ ၍ စိုက်ပျိုးကြရသောဒေသဖြစ်၍ သီးနှံအထွက်နှုန်း ပုံမှန်မရရှိသောကြောင့် ဝင်ငွေရရှိမှုမှာလည်း ပုံမှန်မရှိပါ။

ယာစိုက်ပျိုးမြေမှာ (၂၈၁)ကေရှိပြီး လယ်မြေ(မိုးကောင်း) (၈၀)ကေ၊ စားကျက်မြေ(၅) ကေ၊ ကိုင်းကျွန်းမြေ(၆၅)ကေရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော လုပ်အားကို မြေယာမဲ့ကျပန်းများ၊ တောင်သူငယ်များကို အနည်းငယ်သာ မှီခိုအားထားနေရသောကြောင့် ရာသီဥတုနှင့်ကိုက်ညီသော သီးနှံများကို အချိန်နှင့်တပြေးညီ စိုက်ပျိုးနိုင်ခြင်းမရှိပါ။

**( ခ ) မွေးမြူရေးလုပ်ငန်း။** ။ မွေးမြူရေးလုပ်ငန်းကို သီးသန့်မွေးမြူလုပ်ကိုင်ကြ ခြင်း မရှိပါ။ စိုက်ပျိုးရေး၊ လက်လုပ်လက်စားများ တွဲဖက်၍ အနည်းငယ်သာ လုပ်ကိုင်ကြပါ သည်။ နွားကို မိမိတို့ လုပ်ငန်းခွင် အသုံးပြုရန်အတွက် အဓိကမွေးမြူကြပြီး၊ ဝက်ကို အခြားဝင် ငွေရ လုပ်ငန်းအဖြစ် မွေးမြူကြပါသည်။ တိရိစ္ဆာန်များတွင် နှစ်စဉ်ကြရောက်သော ရောဂါများကို ကာကွယ်နိုင်ရန် နည်းပညာနှင့် ဝန်ဆောင်မှုများ မရရှိသောကြောင့် မွေးမြူရေးကို စီးပွားဖြစ် မွေးမြူလေ့မရှိကြပါ။

**( ဂ ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ။** ။ ကျေးရွာ တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် တောင်သူငယ်များနှင့် မြေယာ မဲ့များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ခြင်း၊ နွားရှည်းအငှားလိုက်ခြင်း၊ လက်သမားလုပ်ကိုင်ခြင်း၊ ဈေးဆိုင်ခန်းများရောင်းချခြင်း၊ ပြည်တွင်း၊ ပြည်ပဒေသများသို့ သွား ရောက်အလုပ်လုပ်ကိုင်ကြရပါသည်။ သရက်ကုန်းကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သူဦးရေ (၄၅၀)ဦးရှိပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းကို လုပ်ကိုင်သူအများစုနှင့် အခြားဝင်ငွေရ လုပ်ငန်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်း၊ ဝန်ထမ်း အနည်းငယ်သာရှိကြပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ် အတိုးနှုန်း (၈၀)ပြားတိုး ဖြင့် စိုက်ပျိုးရေးချေးငွေကို ရယူရရှိပါသည်။ စိုက်ပျိုးရေးဘဏ်ချေးတောင်သူ (၄၈)ဦးရှိပါသည်။ မြို့နယ်သမဝါယမချေးငွေထုတ်ယူသူ (၃၀)ဦးရှိပြီး အတိုးငွေ ၁.၅ ကျပ်နှုန်းဖြင့် ချေးယူကြရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး။ ။** သရက်ကုန်းကျေးရွာသည် ပုသိမ်-မုံရွာ လမ်းမကြီးနှင့် မြေသားလမ်း(၀/၄)မိုင် ကွာဝေးပါသည်။ လင်းဇင်းဆည်မြောင်းလမ်းနှင့် (၅/၀)မိုင် ကွာဝေး၍ ချောက်များပေါများ၍ လွန်ခဲ့သော (၅)နှစ်က တိုင်းဒေသကြီးလွှတ်တော်ရန် ပုံငွေဖြင့် မြေနီကျောက်ခင်းလမ်း ဆောင်ရွက်ပေးခဲ့သော်လည်း နောင်နှစ်များတွင် ထပ်မံပြုပြင် ခြင်း မရှိသောကြောင့် မြေသားလမ်းမှာ ပျက်စီးလျက်ရှိပါသည်။ ပွင့်လင်းရာသီမှသာ ကားများ ကောင်းစွာသွားလာနိုင်ပြီး မိုးရာသီတွင် စားသောက်ကုန်များကို ပုသိမ်-မုံရွာ ကားလမ်းမှ တစ်ဆင့်လှည်း၊ ဆိုင်ကယ်စသည်များနှင့် သယ်ယူပို့ဆောင် ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင် ရွက်ကြရပါသည်။

**( ခ ) ကျေးရွာမီးလင်းရေး။ ။** သရက်ကုန်းကျေးရွာသည် လျှပ်စစ်မီးမရရှိသေး သောကြောင့် တစ်နိုင်တစ်ပိုင် ဆိုလာများဝယ်ပြီး အသုံးပြုကြရပါသည်။ မိုးများပြီး နေရောင် ခြည် မရရှိသောနေ့ရက်များတွင် ဖယောင်းတိုင်၊ ဆီမီးစသည်တို့ကို အသုံးပြုရပါသည်။

**( ဂ ) သတင်းနှင့်ဆက်သွယ်ရေး။ ။** ဆက်သွယ်ရေးအနေဖြင့် ဖုန်း (၁၆၂)လုံးရှိပြီး လင်းဇင်းကျေးရွာတွင် MPT Tower တိုင်ရှိ၍ ဆက်သွယ်ရေး အဆင်ပြေကြပါသည်။

## ၆။ ပညာရေး

သရက်ကုန်းကျေးရွာတွင် အလယ်တန်းကျောင်းခွဲကို ၂၀၁၉ခုနှစ်မှသာ စတင်၍ ရရှိခဲ့ပါ သည်။

အထက်တန်းကျောင်းကို ကျေးရွာနှင့် (၅/၀)မိုင်ခန့်ကွာဝေးသော လင်းဇင်းကျေးရွာသို့ သွားရောက်၍ သင်ယူရပါသည်။ လက်ရှိမှာ ကျောင်းဆောင်(၂)ဆောင်သာရှိပြီး ကိုယ်ထူ၊ ကိုယ် ထ ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ ဆရာ/ ဆရာမအင်အားအနေဖြင့် မူလတန်းပြ ကျား(၂)ဦး၊ မ(၃)ဦးနှင့် အလယ်တန်းပြ မ(၂)ဦး၊ စုစုပေါင်း(၇)ဦးသာရှိပြီး သင်ကြားမှုအထောက်အကူပြုရန် ရွာအစီအစဉ်ဖြင့် လုပ်အားပေးငှားသည့် ဆရာမ(၃)ဦးရှိပါသည်။ ကျေးရွာတွင် ဆရာ/ ဆရာမ လိုအပ်လျက်ရှိပါသည်။ ကျောင်းသူ/သားဦးရေမှာ မူလတန်း (၅၈)ယောက်၊ အလယ်တန်း (၄၀) ယောက်၊ အထက်တန်း (၁၁)ယောက်နှင့် တက္ကသိုလ်တက်ရောက်သူ (၂၄)ယောက် ပညာသင် ကြားလျက်ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးကဏ္ဍအတွက် သရက်ကုန်းကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ မိခင်နှင့် ကလေး စောင့်ရှောက်မှုအနေဖြင့် ချောင်းခြားလျက်ရှိသော ဝန်ရကျေးရွာသို့ သွားရောက်ကုသ ကြ ရပါသည်။ လင်းဇင်းကျေးရွာရှိ တိုက်နယ်ဆေးရုံနှင့် (၅/၀)မိုင်ခန့် ကွာဝေးသောကြောင့် အရေးပေါ်ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာလျှင် ပွင့်လင်းရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ အသက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရပါသည်။

ရေသုံးစွဲမှုအနေဖြင့် တုံကင်(၄၀)တွင်းရှိပြီး ရိုးရိုးရေတွင်း(၁)တွင်း ရှိပါသည်။ တုံကင်(၄၀) တွင်းအနက် (၃၀)ခန့်သာ ရေချိုရရှိပြီး ကျန်(၁၀)တွင်းသည် ရေငံဖြစ်ပါသည်။ ကျေးရွာ၏

အနောက်ဘက်တွင် ပုလင်းချောင်းငယ်ရှိပြီး၊ အရှေ့ဘက်တွင် သရူးချောင်းရှိသဖြင့် တိရိစ္ဆာန် သောက်သုံးရေမှာ နွေ၊ မိုး၊ ဆောင်း လုံလောက်မှုရှိပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် ကျေးရွာတွင်းအမှိုက်များအား တစ်ပတ်တစ်ကြိမ် စု ပေါင်း၍ အမှိုက်ကျင်းတွင် စွန့်ပစ်ကြပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း နှစ်စဉ်ကြုံတွေ့ ခံစားနေရပါသည်။ မိုးခေါင် ခြင်းကြောင့် တောင်သူများ၏ စိုက်ခင်းများ၊ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်း တို့ကို ခံစားနေရပါသည်။

**၉။ ကျားမရေးရာ ကိစ္စရပ်ဆိုင်ရာ**

သရက်ကုန်းကျေးရွာတွင် အမျိုးသား ဦးရေ (၃၀၁)ဦးရှိပြီး အမျိုးသမီး ဦးရေ (၃၁၄)ဦး ရှိ **ပါသည်။ အမျိုးသားနှင့် အမျိုးသမီးဦးရေမှာ ပျမ်းမျှအားဖြင့် အမျိုးသမီးဦးရေက အနည်းငယ် ပိုများပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေးနာရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ကြပါသည်။ လုပ်အားခဝင်ငွေများအနေဖြင့်လည်း များစွာကွာခြားခြင်းမရှိပါ။**

**၁၀။ ဦးစားပေးဆောင်ရွက်သည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

## သရက်ကုန်းကျေးရွာ၊ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့်ဇယား

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်။ | ၁ | ✓ | | | | |
| ၂ | ကျောင်းဆောင်သစ်ဆောက်လုပ်ရန်။ | ၂ | | ✓ | | | |
| ၃ | ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန်။ | ၃ | | | ✓ | | |
| ၄ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်။ | ၄ | | | | ✓ | |
| ၅ | ကွန်ကရစ်ရေကျော်တည်ဆောက်ရန်။ | ၅ | | | | | ✓ |

**အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်** **ပုံစံ(၁)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ – သရက်ကုန်းကျေးရွာ<br>ကျေးရွာအုပ်စု – ညောင် (လင်းဇင်း) အုပ်စု<br>မြို့နယ် – စလင်းမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် – မကွေးတိုင်းဒေသကြီး |
| **စီမံချက်အမည်** – ကျေးရွာအဝင်လမ်းနှင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ကျေးရွာ ရွာတွင်းလမ်းများသည် မိုးရာသီတွင် လမ်းများဗွက်လည်၍ လမ်းပန်းဆက်သွယ် ရေးမကောင်းမွန်ခြင်း၊ ကျေးရွာတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများ အတွက် သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ဖြစ်ပါသည်။ |
| **စီမံချက်ရည်ရွယ်ချက်**(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်) ကျေးရွာရှိလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ပတ်လုံး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်၊ လူမှုစီးပွားအခြေအနေ မြင့်မားလာစေရန်၊ ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အထောက်အကူပြုစေရန်။ |
| **မျှော်မှန်းအကျိုးရလဒ်** (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ကျေးရွာသူ/ သားများ အားလုံး အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား/သူများ၊ ကုန် ရောင်း၊ ကုန်ဝယ်သမားများအတွက်လည်း များစွာအကျိုးကျေးဇူးရရှိပါမည်။ ကျေးရွာရှိ ကုန် ထုတ်ပစ္စည်းများလည်း အဆင်ပြေစွာ ရောင်းချနိုင်ပြီး သတင်းအချက်အလက်၊ နည်းပညာ၊ ဗဟုသုတများ ပိုမိုတိုးတက်ကောင်းမွန်လာမည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း** (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) မြေနီကျောက်ချောလမ်း လမ်းအရှည် ဖ၄၀၀ပေ၊ အကျယ် ၁၂ပေ၊ ထု ဖလက်မ ခင်းခြင်းလုပ် ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀ဝသိန်း (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၉ခုနှစ်၊ မတ်လ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၁၉ခုနှစ်၊ မေလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br>ကျေးရွာမှ လုပ်အားကို ကျေးရွာပြည်သူများမှ လုပ်အားထည့်ဝင်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာရှိ အဆင့်(၁) (၂) (၃) အိမ်ခြေတို့မှ ငွေကြေးရံပုံငွေကောက်ခံပြီး ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အသုံးပြုသွား ပါမည်။ |

နောက်ဆက်တွဲ ပုံစံ(၃)

## အဆိုပြုစီမံချက် အကြောင်းအရာများ ဆန်းစစ်ချက်

**စီမံချက်အမည် –** ကျေးရွာအဝင်လမ်းနှင့် ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း

**ကျေးရွာ–** စနေချောင် **မြို့နယ်–** စလင်း **ပြည်နယ်/ တိုင်း–** မကွေး

**(က) အကျိုးသက်ရောက်မှုဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| လူအများကိုအကျိုးပြုသလား | ✓ | | |
| ဆင်းရဲသားများ အကျိုးခံစားရသလား | ✓ | | |
| စီမံကိန်းရည်မှန်းချက် ရောက်ရှိနိုင်သလား | ✓ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ကျေးရွာသူ/သားများ၊ ကျောင်းသား/သူများ ရာသီမရွေးသွားလာရေး အဆင်ပြေပါသည်။ ကျေးရွာမှကိုယ်တိုင်ဆောင်ရွက်ရသည့်အတွက် လုပ်ငန်းအတွေ့အကြုံများ ရရှိပါသည်။

**(ခ) ဘဏ္ဍာရေးဆိုင်ရာစံနှုန်း**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| အဆိုပြုရန်ပုံငွေပမာဏသည် လုပ်ငန်းအတွက်သင့်တော်သည့် ပမာဏဖြစ်သလား | ✓ | | |
| ဘတ်ဂျက်တွင်ဖော်ပြထားသောအသုံးစရိတ်အမျိုးအစားများသည် လုပ်ငန်းနှင့်ဆီလျော်ရဲ့လား | ✓ | | |
| တစ်ယူနစ် တန်ဖိုးဖော်ပြထားသလား | ✓ | | |
| ကျား/ မ လုပ်အားခ တန်းတူသတ်မှတ်ထားသလား | ✓ | | |
| အသုံးစရိတ်အကြောင်းအရာတစ်ခုချင်း၏ တစ်ယူနစ်တန်ဖိုးသည် လက်ရှိပေါက်ဈေးနှင့် ကိုက်ညီသလား | ✓ | | |

**သုံးသပ်တွေ့ရှိချက်များ**

အဆိုပြုရန်ပုံငွေ ပမာဏမှာ ဒေသအသုံးစရိတ်၊ ဒေသလုပ်အားခများနှင့် ကိုက်ညီမှုရှိပြီး ဒေသ ဋ္ဌရအခြေအနေပေါ်မူတည်၍ လုပ်ငန်းအတွက် သင့်တော်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

**(ဂ) နည်းပညာဆိုင်ရာ**

| | ရှိ | မရှိ | မသိ |
|---|---|---|---|
| နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ခြေရှိရဲ့လား | ✓ | | |
| ဤလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာလူထုတွင် အတွေ့အကြုံရှိရဲ့လား | ✓ | | |
| လုပ်ငန်းလုပ်ဆောင်ရန်အတွက် လူ့အရင်းအမြစ်နှင့် ပစ္စည်းရရန် လွယ်ကူမှုရှိရဲ့လား | ✓ | | |
| ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေးအစီအစဉ် ရှိရဲ့လား | ✓ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာမှ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အတွေ့အကြုံများရှိသဖြင့် နည်းပညာအခက် အခဲ မရှိပါ။ ကျေးရွာမှ နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဥစ္စာခနအဆင့်အလိုက် ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ဃ) လူမှုရေးဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းသည် အမျိုးသမီးများကို အကျိုးပြုမည်လား | ✓ | | |
| စီမံကိန်းသည် ထိခိုက်သက်ရောက်လွယ်သောအုပ်စုကို အကျိုးပြုမည်လား | ✓ | | |
| စီမံကိန်းကြောင့် အစုအဖွဲ့တစ်ခုခုကို ထိခိုက်မည်လား | | ✔ | |

### သုံးသပ်တွေ့ရှိချက်များ

ရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ် သော အုပ်စုများနှင့် အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း ရရှိပါသည်။

### (င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိမည်လား | | ✔ | |
| ထိခိုက်မှုများအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ရှိရဲ့လား | ✔ | | |

### သုံးသပ်တွေ့ရှိချက်များ

စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။ ကြိုတင်ကာကွယ်ရန်လည်း မလို အပ်ပါ။

### ဆုံးဖြတ်ချက်

| ဆုံးဖြတ်ချက် | ရှင်းလင်းဖော်ပြချက် |
|---|---|
| • အတည်ပြု | |
| • ပြင်ဆင်ရန် | |
| • ပယ်ချ | |

**စဉ် အမည် တာဝန် လက်မှတ်**

(၁)

(၂)

(၃)

နောက်ဆက်တွဲ

ပုံစံ(၃)

## ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်

| | |
|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းအမည် | ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း |
| ကျေးရွာ | သရက်ကုန်း |
| ကျေးရွာအုပ်စု | ညောင် (လင်းဇင်း) |
| မြို့နယ် | စလင်း |
| ပြည်နယ်/ တိုင်းဒေသကြီး | မကွေး |
| ရက်စွဲ | ၂၈-၂-၂၀၁၉ |

လွှဲပြောင်းပေးမည့် ငွေပမာဏ(ဂဏန်းဖြင့်) ၁၀၀၀၀၀၀၀/- (စာဖြင့်) ကျပ်သိန်းတစ်ရာတိတိ စနေချောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတို့သည် အောက်ဖော်ပြပါအတိုင်း သဘောတူညီကြပါသည်။

၁။ သက်ဆိုင်ရာဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းသို့ ဤသဘောတူလက်မှတ်ရေးထိုးပြီး (၂)ပတ်အတွင်း အထက်တွင်ဖော်ပြထားသော ငွေပမာဏကို လွှဲပေးပါ မည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေကို အတည်ပြုထားသည့် အဆိုပြုလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်း တွင် မသုံးရ။

၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအားထုတ်၍ ရိုးသားပွင့် လင်းစွာ ဆောင်ရွက်ရပါမည်။

၄။ သက်ဆိုင်ရာဦးစီးဌာနက ပြဌာန်းသည့် လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက် နာရပါမည်။

| | |
|---|---|
| မြို့နယ်ဦးစီးမှူး | ဥက္ကဌ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၂ | ၃၀ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၉ | ၅၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၅ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၇ | ၂၄၈ | ၄၆၅ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၆ | ၃၀ |
| စုစုပေါင်း | | ၂၈၈ | ၃၂၄ | ၆၁၂ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၁၆၆ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။စစ်တမ်းကောက်ယူမှု လေ့လာတွေ့ရှိချက်အရ အိမ်ထောင်စု (၁၆၆)အိမ်၊ လူဦးရေစုစုပေါင်း (၆၁၂)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေပေါင်း (၄)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂၆ | ၄၇၀ | ၀ | မြင့် ☐ လတ် ✔ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉၈ | ၄၁၈ | ၀ | မြင့် ☐ လတ် ✔ နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈ | ၃၂ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား/ ကျပန်း/ရာသီအလိုက်အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၂၅၀၀ | ၀ | ၂၀၀၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်း ြမ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၀ | ၃၀၀၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၈၀၀၀ | ၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၇၅၀၀ | ၀ | ၂၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ လက်လုပ်လက်စား အလုပ်သမား များ၏ တနေ့လုပ်အားခသည် အမျိုးသား(၄၀၀၀)၊ အမျိုးသမီး (၃၀၀၀)ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။လုပ်အားခအနေဖြင့် ကျား၊ မ တန်းတူ မျှတမှုမရှိကြောင်းတွေ့ရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၁၄ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၅၃ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၉၄ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ✔ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆၆၁ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုး ရေး သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။သရက်ကုန်းကျေးရွာရှိ လယ်မြေဧက(၂၁၄) ဧကရှိပြီး (၁)ဧက ပျမ်းမျှထွက်နှုန်း(၅၀)ဧကမှ (၇၅)ဧကထိ ထွက်ရှိပြီး၊ ယာမြေမှာ ဝါ (၁)ဧက လျှင် ပျမ်းမျှ(၂၅၀)ပိဿမှ (၃၅၀)ပိဿ၊ ကိုင်းကျွန်းမြေမှာ မြေပဲ(၁)ဧကလျှင် ပျမ်းမျှ (၃၀)မှ (၅၀)ထိ ကုလားပဲ(၁)ဧကလျှင် ပျမ်းမျှ(၁၀)တင်းမှ (၁၂)ထိ ထွက်ရှိသည်ကို တွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐သင့် ☐ နည်း☐ မရှိ☐ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐သင့် ☐ နည်း☐ မရှိ☐ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐သင့် ☐ နည်း☐ မရှိ☐ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐သင့် ☐ နည်း☐ မရှိ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးအနားပတ်လည်အတွင်း သဘာဝထွက်သယံဇာတများ ထွက်ရှိမှုမရှိပါ။ ကျောက်သဲကျောက်စရစ်စသည့်များမှာ အနည်း ငယ်သာရရှိနိုင်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကအထက် | ၂ ဧကမှ ၅ ဧက | ၁ ဧကမှ ၂ ဧက | ၁ ဧကအောက် |
| အိမ်အခြေအနေ | (၄)ပင်အိမ်၊ သွပ်မိုး၊ ထရံကာ | (၄) ပင်အိမ်၊ သက္ကယ်မိုး၊ ထရံကာ | (၃) ပင်အိမ်၊ သွပ်မိုး | (၃) ပင်အိမ်၊ သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ထော်လာဂျီ | လှည်းနွားကိုယ်ပိုင်ရှိ | လှည်းနွားငှား | ကူလီ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပမ်း |
| အိမ်ထောင်စု | ၁၁ | ၃၃ | ၁၀၂ | ၂၀ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။အဆင်မပြေသော အိမ်ထောင်စုများသဖြင့် ဝင်ငွေရလုပ်ငန်းများထူထောင်ပေးပါက အဆင်ပြေသော အိမ်ထောင်စုများလာနိုင်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ဈေးဝှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၂၂ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၁၂၂ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၃၃ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၃၃<br>လုပ်အားခကြိုယူ = ၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၁ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။အဓိကချေးယူရခြင်းမှာ စားဝတ်နေရေးနှင့် ဝင်ငွေရ အလုပ်အကိုင်များရရှိရန် ချေးယူရသည့်အတွက် ဝင်ငွေရလုပ်ငန်းများ ထူထောင်ပေးစေလိုပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၀ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာ၀ရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၇ | လေပြင်း | မြင့် ☐ လတ် ☐ နိမ့် ☐✔ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ ☐ နိမ့် ☐ မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ✔ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများမှာ အမြင့်ဆုံးနေရာတွင် တွေ့ရှိခဲ့ရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့်☐ လတ်☐ နိမ့် ✔ မရှိ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့်☐ လတ်☐ နိမ့် ✔ မရှိ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့်☐ လတ်☐ နိမ့် ✔ မရှိ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့်☐ လတ် ✔ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့်☐ လတ်☐နိမ့် ☐ မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်☐ လတ်☐ နိမ့် ☐ မရှိ ✔ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁ ☐<br>၂ ☐<br>၃ ✔ | | | | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း ☐<br>သင့် ☐<br>ညံ့ ✔ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | လူငယ်အဖွဲ့ | ၁ ✔<br>၂ ☐<br>၃ ✔ | | | | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၃ | ရပ်မိရပ်ဖ အဖွဲ့ | ၁ ☐<br>၂ ☐<br>၃ ✔ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၄ | ဝတ်အသင်း | ၁ ☐<br>၂ ✔<br>၃ ✔ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ✔ |
| ၅ | အမျိုးသမီး အဖွဲ့ | ၁ ☐<br>၂ ✔<br>၃ ☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ရပ်မိရပ်ဖအဖွဲ့အစည်းများနှင့် လူငယ် အဖွဲ့ အစည်းများ ရှိပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁☐ ၂ ✔၃ ☐၄ ☐၅ ☐ ၆ ၇ ☐ | ပညာရေး☐ ငွေကြေး✔ ကျန်းမာရေး☐ ဘာသာရေး ☐စိုက်ပျိုးမွေးမြူရေး ☐ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

**(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊**

**အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ဖွံ့ဖြိုးရေးပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာ အဖွဲ့အစည်းတစ်ခုသာ ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၂၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၃၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၆၂ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု<br>တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | ရေရရှိနိုင်မှု<br>လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|
| ၁ | ဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ✔<br>မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ✔<br>မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ✔<br>မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | ၂၁၄ ဧက | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ✔<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | ၉၄ ဧက | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ✔<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ✔<br>မဖြေဆိုပါ ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၈ | ချောင်းရေ | ၂၁၄ ဧက | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ✔<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ✔<br>မဖြေဆိုပါ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ဆည်၊ ရေလွှဲဆည်နှင့် မြစ်ရေတင်စီမံကိန်းများ မရှိပါ။ လက်ရှိရေသွင်းမြောင်းများမှာ စလင်းချောင်းမှ ကိုယ်ထူကိုယ်ထ၊ သစ်ခက်ဆည် မြောင်းများဖြစ်ပါသည်။ အဝီစိတွင်းများမှရေသည် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးအတွက် သုံးစွဲ နိုင်ပါသည်။ ယာများကို မိုးရွာမှသာ ထွန်ယက်လုပ်ကိုင်ကြရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၂၁၄ | တင်း | ၅၀ | ၇၅ | ၆၅ | ဝါဆို | နတ်တော် | မြင့်☐လတ် ✔<br>နိမ့် ☐ | မြင့်☐လတ် ✔<br>နိမ့် ☐ |
| ကုလား | ၂၁၄ | တင်း | ၇ | ၁၂ | ၁၀ | နတ်တေ | တပေါင် | မြင့်☐လတ် ✔<br>နိမ့် ☐ | မြင့်☐လတ် ✔<br>နိမ့် ☐ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| ပဲ | | | | | | ာင် | း | | |
| ဝါ | ၃၅၃ | ပိဿာ | ၂၀၀ | ၃၅၀ | ၂၅၀ | ဝါခေါင် | တပို့တွဲ | မြင့်☐လတ် ✔ နိမ့် ☐ | မြင့်☐လတ် ✔ နိမ့် ☐ |
| မြေပဲ | ၉၄ | တင်း | ၃၅ | ၅၀ | ၃၀ | တန်ဆောင်မုန်း | တပေါင်း | မြင့်☐လတ် ✔ နိမ့် ☐ | မြင့်☐လတ် ✔ နိမ့် ☐ |
| နှမ်း | ၁၅၀ | တင်း | ၅ | ၁၀ | ၇ | တပို့တွဲ | ကဆုန် | မြင့်☐လတ် ✔ နိမ့် ☐ | မြင့်☐လတ် ✔ နိမ့် ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | ဝ | ဝ | ၁၆၄ |
| လက်တွန်းထွန်စက် | ၂၅ | ဝ | ဝ | ၁ဝဝ |
| အစေ့ချ ကိရိယာ | ဝ | ဝ | ဝ | ဝ |
| ရိတ်သိမ်းခြွေလှေ့စက် | ဝ | ဝ | ဝ | ဝ |
| ရိတ်သိမ်းစက် | ဝ | ဝ | ဝ | ဝ |
| ခြွေလှေ့စက် | ၂ | ဝ | ဝ | ဝ |
| ရေစုပ်စက် | ၃၆ | ဝ | ဝ | ဝ |
| ခြေနင်းရေတင်စက် | | ဝ | ဝ | ဝ |
| မြက်ရိတ်စက် | ၄ | ဝ | ဝ | ဝ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ထွန်စက်ငှားရမ်းခမှာ(၁)နာရီ(၇ဝဝဝ)ကျပ်ဖြစ်ပါသည်။ ထွန်စက်အကြီး ငှားရမ်းခမှ တစ်ဧ ကတွင်(၅ဝဝဝဝ)ကျပ် ငှားရမ်းဆောင်ရွက်ရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
